# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# ရေယာဉ်များလက်နက်တပ်ဆင်မှုတားမြစ်ရေးဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂၉/၂၀၁၀)
## ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
## (၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေယာဉ်များလက်နက်တပ်ဆင်မှုတားမြစ်ရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ရေယာဉ်ဆိုသည်မှာ ရေပေါ်တွင်သွားလာရပ်တည်နိုင်ရန်ဖြစ်စေ၊ ရေပေါ်တွင်ပေါ်နိုင်စွမ်းရှိရန်ဖြစ်စေ၊ ရေအောက်တွင် ငုပ်လျှိုးသွားလာရပ်တည်နိုင်ရန်ဖြစ်စေ ရည်ရွယ်လျက်လုံးလုံးလျားလျားသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း တည်ဆောက်ထားသည့် စက်တပ် သို့မဟုတ် စက်မဲ့ယာဉ်၊ ရေပြင်ကို တစ်နည်းနည်းဖြင့် အသုံးပြုသွားလာနိုင်သည့် သို့မဟုတ် ရေပေါ်ရပ်ပြေးနိုင်သည့်ယာဉ်နှင့် ရေပြင်ကိုအသုံးပြု၍ ဆင်းသက်ပျံသန်းနိုင်သည့် ရေယာဉ်ပျံတို့ကို ဆိုသည်။

(ခ) လက်နက်ဆိုသည်မှာ မည်သည့်ရေယာဉ်တွင်မဆိုတင်ဆောင်၊ တပ်ဆင်ပစ်လွှတ်နိုင်သည့် စစ်လက်နက် ပစ္စည်းများ၊ ယင်းတို့နှင့် ဆက်စပ်ပစ္စည်းများနှင့် ထိန်းချုပ်မှုစနစ်များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေပေါ်၊ ရေအောက်၊ မြေပြင်နှင့် ဝေဟင်ရှိပစ်မှတ် များကို ပစ်ခတ်နိုင်သည့် သေနတ်၊ စက်အမြောက်၊ အမြောက်၊ ပဲ့ထိန်းဒုံး၊ ဒုံးပျံ၊ ရေမြှုပ်ဗုံး၊ ရေမြှုပ်ဒုံး၊ တိုပီဒို၊ မိုင်းများ၊ ယင်းတို့ နှင့် ဆက်စပ်ပစ္စည်းများလည်း ပါဝင်သည်။

၃။ (က) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ စစ်ရေယာဉ်ကိုတည်ဆောက်ခြင်း၊ ရေယာဉ်ကို စစ်ရေ ယာဉ်အဖြစ် ပြောင်းလဲခြင်း သို့မဟုတ် လက်နက်တပ်ဆင်ခြင်းမပြုလုပ်ရ။

(ခ) ရေယာဉ်ကို လက်ဝယ်ရှိသူတစ်ဦးသည် သိလျက်နှင့် စစ်ရေယာဉ်အဖြစ်အသုံးပြုရန် အလို့ငှာ မည်သည့် သက်ရှိသက်မဲ့ပစ္စည်းကိုမျှ လက်သင့်ခံခြင်း သို့မဟုတ် တစ်နေရာမှတစ်နေရာသို့ ပို့ဆောင်ပေးခြင်း မပြုလုပ်ရ။

၄။ မည်သူမဆို ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၀နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သည့် ရေယာဉ်နှင့် ရေယာဉ်ပေါ်ရှိ ပစ္စည်းအားလုံးကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၅။ ဤဥပဒေပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ စစ်ဘက် အာဏာ ပိုင်က တာဝန်အပ်နှင်းခြင်းခံရသော အရာရှိတစ်ဦးသည် မည်သည့်ရေယာဉ်၊ ရေယာဉ် ဆောက်လုပ်ရာ နေရာ သို့မဟုတ်

Myanmar Law Information System (MLIS)

သဘော်ကျင်းကိုမဆို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၁၊ ၁၀၂ နှင့် ၁၀၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဝင်ရောက်ရှာဖွေနိုင်ခွင့်ရှိသည်။

၆။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာအခြားစာရွက်စာတမ်းများ၊ အထောက်အထားများနှင့်အတူ တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၇။ ရေယာဉ်တစ်စင်းသည် စစ်ရေယာဉ်အဖြစ်တည်ဆောက်ထားခြင်း၊ စစ်ရေယာဉ်အဖြစ်ပြောင်းလဲခြင်း၊ သို့မဟုတ် လက်နက်တပ်ဆင် ထားခြင်းရှိ မရှိတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတပ်မတော်အရာရှိတစ်ဦးဦး၏ အစီရင်ခံချက် သည် တရားဝင်သက်သေခံချက် ဖြစ်စေရမည်။

၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည် လိုအပ် သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင် သည်။

၉။ The Naval Armament Act ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ